# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## မြန်မာ့သစ်တောတွင်းနည်းဥပဒေနှင့်အညီ ခုတ်သစ်တောလုပ်ကွက်(အသစ်)များ လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်

ဦးခင်လတ်ကြီး
ညွှန်ကြားရေးမှူးချုပ်
သစ်တောတွင်းဦးစီးဌာန

၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၃ ရက်

# မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများ ထုတ်ပြန်ခြင်း

- **မြန်မာ့သတ္တုတွင်းဥပဒေ**ကို (၆.၉.၁၉၉၄) ရက်စွဲပါ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် (၈/၉၄) ဖြင့် ပြဋ္ဌာန်းခဲ့၊
- **မြန်မာ့သတ္တုတွင်း နည်းဥပဒေများ**ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ္တုတွင်းဝန်ကြီးဌာနက (၃၀.၁၂.၁၉၉၆) ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၁၂၅/၉၆)ဖြင့် ထုတ်ပြန်ခဲ့၊
- နိုင်ငံတော်၏ ပြောင်းလဲလာသည့် နိုင်ငံရေး၊ စီးပွားရေးမူဝါဒနှင့်အညီ ပထမအကြိမ် လွှတ်တော်သက်တမ်း ကာလတွင် မူလမြန်မာ့သတ္တုတွင်းဥပဒေအား ပြင်ဆင်ဖြည့်စွက်၍ **မြန်မာ့သတ္တုတွင်း ဥပဒေကိုပြင်ဆင်သည့် ဥပဒေ**ကို (၂၄.၁၂.၂၀၁၅) ရက်နေ့တွင် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ်(၇၂)ဖြင့် နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး ပြဋ္ဌာန်းခဲ့၊
- မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေနှင့်အညီ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက် နိုင်ရန် **မြန်မာ့သတ္တုတွင်းနည်းဥပဒေအသစ်**ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက (၁၃.၂.၂၀၁၈) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၈) ဖြင့် ထုတ်ပြန်ခဲ့၊

# မြန်မာ့သတ္တုတွင်းနည်းဥပဒေများ နှိုင်းယှဉ်ချက်

| စဉ် | | မူလ နည်းဥပဒေ | နည်းဥပဒေ | ထပ်တိုး |
|---|---|---|---|---|
| ၁။ | အခန်း | ၂၇ | ၃၇ | ၁၀ |
| ၂။ | နည်းဥပဒေ | ၁၂၄ | ၂၂၆ | ၁၀၂ |
| ၃။ | နောက်ဆက်တွဲ | ၁ ခု | ၂ ခု | ၁ ခု |
| ၄။ | ပုံစံ | ၁၅ ခု | ၇၁ ခု | ၅၆ ခု |

# နည်းဥပဒေပါ အခန်းများ

| အခန်း | အကြောင်းအရာ | အခန်း | အကြောင်းအရာ |
|---|---|---|---|
| ၁ | အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၂၀ | ဆင့်တက် ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်နှင့်အခွင့်အရေး |
| ၂ | ခွင့်ပြုမိန့် ထုတ်ပေးရန် စိစစ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း | ၂၁ | ရောင်းဝယ် ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်နှင့်အခွင့်အရေး |
| ၃ | ရှာဖွေရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း | ၂၂ | တစ်ရပ်ထက်ပိုမို ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်နှင့်အခွင့်အရေး |
| ၄ | စမ်းသပ်ရန်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း | ၂၃ | မြေနှင့်ရေ သုံးစွဲခွင့် |
| ၅ | ဖြစ်မြောက်လေ့လာရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း | ၂၄ | ခွင့်ပြုမိန့်လွှဲပြောင်းခြင်းနှင့် ပြန်လည်အပ်နှံခြင်း |
| ၆ | အကြီးစားထုတ်ရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း | ၂၅ | သဘောတူစာချုပ်များချုပ်ဆိုခြင်း |
| ၇ | အလတ်စားထုတ်ရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း | ၂၆ | သတ္တုတွင်းဝန်ထမ်းနှင့် အလုပ်သမားများလုပ်ခလစာ |
| ၈ | အသေးစားထုတ်ရန် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း | ၂၇ | မြေပေါ်မြေအောက်အလုပ်လုပ်ရက်နှင့်အလုပ်ချိန် |
| ၉ | လက်လုပ်လက်စား လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း | ၂၈ | ဘေးအန္တရာယ်နှင့်မတော်တဆဖြစ်ပွားမှုကာကွယ်ရန်စီမံချက် |
| ၁၀ | ဆင့်တက်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း | ၂၉ | ဝန်ထမ်းနှင့် အလုပ်သမားများ သက်သာချောင်ချိရေး |
| ၁၁ | ရောင်းဝယ်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း | ၃၀ | သတ္တုတွင်းလုပ်ကွက်များပိတ်သိမ်းခြင်း |
| ၁၂ | တစ်ရပ်ထက်ပိုမိုလျှောက်ထားခြင်း၊ ထုတ်ပေးခြင်း | ၃၁ | ပတ်ဝန်းကျင်ထိန်းသိမ်းရေး စီမံဆောင်ရွက်ခြင်း |
| ၁၃ | ရှာဖွေ ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်နှင့်အခွင့်အရေး | ၃၂ | မတော်တဆဖြစ်ပွားမှု သတင်းပို့ အစီရင်ခံခြင်း |
| ၁၄ | စမ်းသပ် ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်နှင့်အခွင့်အရေး | ၃၃ | စစ်ဆေးရေးအရာရှိချုပ်၏ စစ်ဆေးမှုကိုခံယူခြင်း |
| ၁၅ | ဖြစ်မြောက်လေ့လာခွင့်ရရှိသူ၏ တာဝန်နှင့်အခွင့်အရေး | ၃၄ | စစ်ဆေးရေးအရာရှိချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့် |
| ၁၆ | အကြီးစား ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်နှင့်အခွင့်အရေး | ၃၅ | ငွေကြေးဆိုင်ရာ ပြဋ္ဌာန်းချက်များ |
| ၁၇ | အလတ်စား ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်နှင့်အခွင့်အရေး | ၃၆ | စီမံခန့်ခွဲရေးနည်းလမ်းအရ ဆောင်ရွက်ခြင်း |
| ၁၈ | အသေးစား ခွင့်ပြုမိန့်ရရှိသူ၏ တာဝန်နှင့်အခွင့်အရေး | ၃၇ | အထွေထွေ |
| ၁၉ | လက်လုပ်လက်စားရရှိသူ၏ တာဝန်နှင့်အခွင့်အရေး | | |

# ဓာတ်သတ္တုခွင့်ပြုမိန့် အမျိုးအစားများနှင့် စိစစ်ဆောင်ရွက်မှု အဆင့်များ

| နည်းဥပဒေ အခန်း | ခွင့်ပြုမိန့် အမျိုးအစား | လျှောက်ထားခြင်း | | | စိစစ်၊ ရွေးချယ်ခြင်း | | | ထုတ်ပေးခြင်း | | | | | သက်တမ်းတိုးခြင်း | | | လုပ်ငန်းကူးပြောင်းခြင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | ဝန်ကြီးဌာန | | | ဦးစီး | တိုင်း/ ပြည်နယ် | | | တိုင်း/ ပြည်နယ် | |
| | | | | | | | | နိုင်ငံခြား | နိုင်ငံသား | | | | | | | |
| | | ဝန်ကြီးဌာန | ဦးစီးဌာန | တိုင်း/ ပြည်နယ် | ဥပဒေ ၁၁-က အရ | ဦးရာစနစ် | ယှဉ်ပြိုင်စနစ် | အစိုးရ | အစိုးရ | ဝန်ကြီးဌာန စီမံ | ဝန်ကြီးဌာန စီမံ | ညှိနှိုင်း၍ | ဝန်ကြီး ဌာန | ဦးစီး ဌာန | ညှိနှိုင်း၍ | |
| ၃ | ရှာဖွေ | သတ္တု/ စက်မှု/ ကျောက် | ကျောက်/ ကန့်သတ် ကျောက် | ကန့်သတ် ဓာတ်သတ္တု မှအပ | မရှိ | ဒေသန္တရ ဘူမိ အချက်အလက်မရှိ | ဘူမိမှတ်တမ်း ရှိ သတ္တုသိုက် ရှိ | သတ္တု/စက်မှု/ ကျောက် (ကြီး) | သတ္တု (ကြီး) | စက်မှု/ကျောက် (ကြီး) သတ္တု/စက်မှု (လတ်) ကန့်သတ်သတ္တု/စက်မှု(သေး) | ကျောက် (လတ်) ကန့်သတ် ကျောက် (သေး) | ကန့်သတ် ဓာတ်သတ္တု မှအပ | ၁ / ၁ | ၁ / ၁ | ၁ / ၁ | စမ်းသပ် ၃ လ |
| ၄ | စမ်းသပ် | သတ္တု/ စက်မှု/ ကျောက် | ကျောက်/ ကန့်သတ် ကျောက် | ကန့်သတ် ဓာတ်သတ္တု မှအပ | ရှာဖွေ မှ | ဘူမိဗေဒမှတ်တမ်း မရှိ ဓာတ်သတ္တု ဖြစ်ထွန်းမှု စမ်းသပ်၊ တိုင်းတာ မရှိ | ဘူမိမှတ်တမ်း ရှိ သတ္တုသိုက် ရှိ | သတ္တု/စက်မှု/ ကျောက် (ကြီး) | သတ္တု (ကြီး) | စက်မှု/ကျောက် (ကြီး) သတ္တု/စက်မှု (လတ်) ကန့်သတ်သတ္တု/စက်မှု(သေး) | ကျောက် (လတ်) ကန့်သတ် ကျောက် (သေး) | ကန့်သတ် ဓာတ်သတ္တု မှအပ | ၃ / ၁ / ၁<br>၁ / ၁ / ၁ (ထူး) | ၃ / ၁ / ၁ | ၁ / ၁ / ၁ | ဖြစ် မြောက်/ အသေး ၃ လ |
| ၅ | ဖြစ်မြောက် | သတ္တု/ စက်မှု/ ကျောက် | မရှိ | မရှိ | စမ်းသပ် မှ | ခွင့်မပြု | ဘူမိမှတ်တမ်း ရှိ သတ္တုသိုက် ရှိ | သတ္တု/စက်မှု/ ကျောက် (ကြီး) | သတ္တု (ကြီး) | စက်မှု/ ကျောက်(ကြီး) သတ္တု/စက်မှု (လတ်) | မရှိ | မရှိ | ၁ / ၁ | မရှိ | မရှိ | အကြီး/လတ် ၃ လ |
| ၆ | အကြီး | သတ္တု/ စက်မှု/ ကျောက် | မရှိ | မရှိ | ဖြစ်မြောက် မှ | ဘူမိဗေဒမှတ်တမ်းရှိ သတ္တုသိုက် အစီရင် ခံစာ တင်ပြနိုင်သူ | ဘူမိမှတ်တမ်း ရှိ သတ္တုသိုက် ရှိ | သတ္တု/စက်မှု/ ကျောက် (ကြီး) | သတ္တု (ကြီး) | စက်မှု/ ကျောက် (ကြီး) | မရှိ | မရှိ | ၁၅ -၅၀ / ၅ | မရှိ | မရှိ | မရှိ |
| ၇ | အလတ် | သတ္တု/ စက်မှု<br>- | -<br>ကျောက် | မရှိ | ဖြစ်မြောက် မှ/ စမ်းသပ် မှ | ဘူမိဗေဒမှတ်တမ်းရှိ သတ္တုသိုက် အစီရင် ခံစာ တင်ပြနိုင်သူ | ဘူမိမှတ်တမ်း ရှိ သတ္တုသိုက် ရှိ | မရှိ | မရှိ | သတ္တု/စက်မှု (လတ်) | ကျောက် (လတ်) | မရှိ | ၁၀ -၁၅ / ၂ | ၁၀ -၁၅ / ၂ | မရှိ | မရှိ |
| ၈ | အသေး | ကန့်သတ် သတ္တု/ စက်မှု | ကန့်သတ် ကျောက် | ကန့်သတ် ဓာတ်သတ္တု မှအပ | စမ်းသပ် မှ | ဘူမိဗေဒမှတ်တမ်းရှိ သတ္တုသိုက် အစီရင် ခံစာ တင်ပြနိုင်သူ | ဘူမိမှတ်တမ်း ရှိ သတ္တုသိုက် ရှိ | မရှိ | မရှိ | ကန့်သတ် သတ္တု/စက်မှု (သေး) | ကန့်သတ် ကျောက် (သေး) | ကန့်သတ် ဓာတ်သတ္တု မှအပ | ၅ -၁၀ / ၂ | ၅ -၁၀ / ၂ | ၅ -၁၀ / ၂ | မရှိ |
| ၉ | လက်လုပ် | မရှိ | မရှိ | ကန့်သတ် ဓာတ်သတ္တု မှအပ | တိုင်း/ပြည်နယ် လုပ်ကွက်စိစစ်ချထား ပေးရေးအဖွဲ့မှ စိစစ်ခွင့်ပြုခြင်း | | | မရှိ | မရှိ | မရှိ | မရှိ | ကန့်သတ် ဓာတ်သတ္တု မှအပ | မရှိ | မရှိ | ၁ / ၀ | မရှိ |
| ၁၀ | ဆင့်တက် | သတ္တု/ စက်မှု/ ကျောက် | ကျောက်/ ကန့်သတ် ကျောက် | ကန့်သတ် ဓာတ်သတ္တု မှအပ | သက်ဆိုင်ရာ ခွင့်ပြုသည့် ဌာနအဖွဲ့အစည်းမှ စိစစ်ခွင့်ပြုခြင်း | | | သတ္တု/စက်မှု/ ကျောက်(ကြီး) | သတ္တု (ကြီး) | စက်မှု/ကျောက် (ကြီး) သတ္တု/စက်မှု (လတ်) ကန့်သတ်သတ္တု/စက်မှု(သေး) | ကျောက် (လတ်) ကန့်သတ် ကျောက် (သေး) | ကန့်သတ် ဓာတ်သတ္တု မှအပ | ၁၅ -၅၀ / ၅ | ၁၀ - ၁၅/ ၂ | ၅ -၁၀ / ၂ | မရှိ |
| ၁၁ | ရောင်းဝယ် | သတ္တု/ စက်မှု/ ကျောက် | ကျောက်/ ကန့်သတ် ကျောက် | ကန့်သတ် ဓာတ်သတ္တု မှအပ | သက်ဆိုင်ရာ ခွင့်ပြုသည့် ဌာနအဖွဲ့အစည်းမှ စိစစ်ခွင့်ပြုခြင်း | | | သတ္တု/စက်မှု/ ကျောက်(ကြီး) | သတ္တု (ကြီး) | စက်မှု/ကျောက် (ကြီး) သတ္တု/စက်မှု (လတ်) ကန့်သတ်သတ္တု/စက်မှု(သေး) | ကျောက် (လတ်) ကန့်သတ် ကျောက် (သေး) | ကန့်သတ် ဓာတ်သတ္တု မှအပ | ၃ / ၃ | ၃ / ၃ | ၃ / ၃ | မရှိ |
| ၁၂ | တစ်ရပ် ထက်ပိုမို | သတ္တု/ စက်မှု/ ကျောက် | မရှိ | မရှိ | လုပ်ငန်းတစ်ရပ်ထက် ပိုမိုသော လုပ်ငန်းလုပ်ကိုင်ခွင့်ကို တစ်ဆက်တည်းခွင့်ပြုခြင်းဖြစ်သည်။ | | | သတ္တု/စက်မှု/ ကျောက်(ကြီး) | သတ္တု (ကြီး) | စက်မှု/ကျောက် (ကြီး) သတ္တု/စက်မှု (လတ်) ကန့်သတ်သတ္တု/စက်မှု(သေး) | မရှိ | မရှိ | လုပ်ငန်းအမျိုးအစား | မရှိ | မရှိ | ကူး ပြောင်း ၃ လ |

# ဓာတ်သတ္တုခွင့်ပြုမိန့်လျှောက်ထားခြင်း

| ခွင့်ပြုမိန် အမျိုးအစား | လုပ်ငန်းအမျိုးအစားအလိုက် လျှောက်ထားရမည့် ဌာနများ | | |
|---|---|---|---|
| | ဝန်ကြီးဌာန | ဦးစီးဌာန | တိုင်း/ ပြည်နယ် |
| ရှာဖွေ | သတ္တု/ စက်မှု/ ကျောက်<br>ပုံစံ(၁) | ကျောက်/ ကန့်သတ် ကျောက်<br>ပုံစံ(၂) | ကန့်သတ် ဓာတ်သတ္တု မှအပ<br>ပုံစံ(၃) |
| စမ်းသပ် | သတ္တု/ စက်မှု/ ကျောက်<br>ပုံစံ(၁၀) | ကျောက်/ ကန့်သတ် ကျောက်<br>ပုံစံ(၁၁) | ကန့်သတ် ဓာတ်သတ္တု မှအပ<br>ပုံစံ(၁၂) |
| ဖြစ်မြောက် | သတ္တု/ စက်မှု/ ကျောက်<br>ပုံစံ(၁၉) | မရှိ | မရှိ |
| အကြီး | သတ္တု/ စက်မှု/ ကျောက်<br>ပုံစံ(၂၂) | မရှိ | မရှိ |
| အလတ် | သတ္တု/ စက်မှု<br>ပုံစံ(၂၅) | ကျောက်<br>ပုံစံ(၂၆) | မရှိ |
| အသေး | ကန့်သတ်သတ္တု/ စက်မှု<br>ပုံစံ(၃၁) | ကန့်သတ်ကျောက်<br>ပုံစံ(၃၂) | ကန့်သတ် ဓာတ်သတ္တု မှအပ<br>ပုံစံ(၃၃) |
| လက်လုပ် | မရှိ | မရှိ | ကန့်သတ် ဓာတ်သတ္တု မှအပ<br>ပုံစံ(၄၀) |
| ဆင့်တက် | သတ္တု/ စက်မှု/ ကျောက်<br>ပုံစံ(၄၂) | ကျောက်/ ကန့်သတ် ကျောက်<br>ပုံစံ(၄၃) | ကန့်သတ် ဓာတ်သတ္တု မှအပ<br>ပုံစံ(၄၄) |
| ရောင်းဝယ် | သတ္တု/ စက်မှု/ ကျောက်<br>ပုံစံ(၅၁) | ကျောက်/ ကန့်သတ် ကျောက်<br>ပုံစံ(၅၂) | ကန့်သတ် ဓာတ်သတ္တု မှအပ<br>ပုံစံ(၅၃) |
| တစ်ရပ် ထက်ပိုမို | သတ္တု/ စက်မှု/ ကျောက်<br>ပုံစံ(၆၀) | မရှိ | မရှိ |

# ဓာတ်သတ္တုခွင့်ပြုမိန့် အမျိုးအစားများနှင့် စိစစ်ဆောင်ရွက်မှု အဆင့်များ

| ခွင့်ပြုမိန့် အမျိုးအစား | စိစစ်၊ ရွေးချယ်မှု နည်းစနစ် | | |
|---|---|---|---|
| | ဥပဒေ ၁၁-က အရ | ဦးရာစနစ် | ယှဉ်ပြိုင်စနစ် |
| ရှာဖွေ | မရှိ | ဒေသန္တရ ဘူမိ အချက်အလက်မရှိ | ဘူမိမှတ်တမ်းရှိ သတ္တုသိုက် ရှိ |
| စမ်းသပ် | ရှာဖွေ မှ | ဘူမိဗေဒမှတ်တမ်း မရှိ ဓာတ်သတ္တု ဖြစ်ထွန်းမှု စမ်းသပ်၊ တိုင်းတာ မရှိ | ဘူမိမှတ်တမ်း ရှိ သတ္တုသိုက် ရှိ |
| ဖြစ်မြောက် | စမ်းသပ် မှ | ခွင့်မပြု | ဘူမိမှတ်တမ်း ရှိ သတ္တုသိုက် ရှိ |
| အကြီး | ဖြစ်မြောက် မှ | ဘူမိဗေဒမှတ်တမ်းရှိ သတ္တုသိုက် အစီရင် ခံစာ တင်ပြနိုင်သူ | ဘူမိမှတ်တမ်း ရှိ သတ္တုသိုက် ရှိ |
| အလတ် | ဖြစ်မြောက် ( သတ္တု/ စက်မှု)မှ/ စမ်းသပ် ( ကျောက်)မှ | ဘူမိဗေဒမှတ်တမ်းရှိ သတ္တုသိုက် အစီရင် ခံစာ တင်ပြနိုင်သူ | ဘူမိမှတ်တမ်း ရှိ သတ္တုသိုက် ရှိ |
| အသေး | စမ်းသပ် မှ | ဘူမိဗေဒမှတ်တမ်းရှိ သတ္တုသိုက် အစီရင် ခံစာ တင်ပြနိုင်သူ | ဘူမိမှတ်တမ်း ရှိ သတ္တုသိုက် ရှိ |
| လက်လုပ် | တိုင်း/ပြည်နယ် လုပ်ကွက်စိစစ်ချထား ပေးရေးအဖွဲ့မှ စိစစ်ခွင့်ပြုခြင်း ( စက်မှု (၅) ဧက ၊ သတ္တု / အလှဆင် (၃)ဧက၊ ရွှေ(၁) ဧက) | | |
| ဆင့်တက် | သက်ဆိုင်ရာ ခွင့်ပြုသည့် ဌာနအဖွဲ့အစည်းမှ စိစစ်ခွင့်ပြုခြင်း | | |
| ရောင်းဝယ် | သက်ဆိုင်ရာ ခွင့်ပြုသည့် ဌာနအဖွဲ့အစည်းမှ စိစစ်ခွင့်ပြုခြင်း | | |
| တစ်ရပ်ထက်ပိုမို | လုပ်ငန်းတစ်ရပ်ထက် ပိုမိုသော လုပ်ငန်းလုပ်ကိုင်ခွင့်ကို တစ်ဆက်တည်းခွင့်ပြုခြင်းဖြစ်သည်။ | | |

# ဓာတ်သတ္တု ခွင့်ပြုမိန့်ထုတ်ပေးခြင်း

| ခွင့်ပြုမိန့်အမျိုးအစား | ထုတ်ပေးခြင်း | | | | |
|---|---|---|---|---|---|
| | ဝန်ကြီးဌာန | | | ဦးစီး | တိုင်း/ ပြည်နယ် |
| | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု | နိုင်ငံသားရင်းနှီးမြှုပ်နှံမှု | | | |
| | အစိုးရ | အစိုးရ | ဝန်ကြီးဌာန (စီမံ) | ဝန်ကြီးဌာန (စီမံ) | ညှိနှိုင်း၍ |
| ရှာဖွေ | သတ္တု/စက်မှု/ ကျောက် (ကြီး) | သတ္တု (ကြီး) | စက်မှု/ကျောက် (ကြီး)<br>သတ္တု/စက်မှု (လတ်)<br>ကန့်သတ်သတ္တု/စက်မှု(သေး) | ကျောက် (လတ်)<br>ကန့်သတ် ကျောက်<br>(သေး) | ကန့်သတ်<br>ဓာတ်သတ္တု မှအပ |
| စမ်းသပ် | သတ္တု/စက်မှု/ ကျောက် (ကြီး) | သတ္တု(ကြီး) | စက်မှု/ကျောက် (ကြီး)<br>သတ္တု/စက်မှု (လတ်)<br>ကန့်သတ်သတ္တု/စက်မှု(သေး) | ကျောက် (လတ်)<br>ကန့်သတ် ကျောက်<br>(သေး) | ကန့်သတ်<br>ဓာတ်သတ္တု မှအပ |
| ဖြစ်မြောက် | သတ္တု/စက်မှု/ ကျောက် (ကြီး) | သတ္တု(ကြီး) | စက်မှု/ ကျောက်(ကြီး)<br>သတ္တု/စက်မှု (လတ်) | မရှိ | မရှိ |
| အကြီး | သတ္တု/စက်မှု/ ကျောက် (ကြီး) | သတ္တု ကြီး) | စက်မှု/ ကျောက်<br>(ကြီး) | မရှိ | မရှိ |
| အလတ် | မရှိ | မရှိ | သတ္တု/စက်မှု<br>(လတ်) | ကျောက်<br>(လတ်) | မရှိ |
| အသေး | မရှိ | မရှိ | ကန့်သတ် သတ္တု/စက်မှု (သေး) | ကန့်သတ် ကျောက်<br>(သေး) | ကန့်သတ်<br>ဓာတ်သတ္တု မှအပ |
| လက်လုပ် | မရှိ | မရှိ | မရှိ | မရှိ | ကန့်သတ်<br>ဓာတ်သတ္တု မှအပ |
| ဆင့်တက် | သတ္တု/စက်မှု/ ကျောက်(ကြီး) | သတ္တု (ကြီး) | စက်မှု/ကျောက် (ကြီး)<br>သတ္တု/စက်မှု (လတ်)<br>ကန့်သတ်သတ္တု/စက်မှု(သေး) | ကျောက် (လတ်)<br>ကန့်သတ် ကျောက်<br>(သေး) | ကန့်သတ်<br>ဓာတ်သတ္တု မှအပ |
| ရောင်းဝယ် | သတ္တု/စက်မှု/ ကျောက်(ကြီး) | သတ္တု (ကြီး) | စက်မှု/ကျောက် (ကြီး)<br>သတ္တု/စက်မှု (လတ်)<br>ကန့်သတ်သတ္တု/စက်မှု(သေး) | ကျောက် (လတ်)<br>ကန့်သတ် ကျောက်<br>(သေး) | ကန့်သတ်<br>ဓာတ်သတ္တု မှအပ |
| တစ်ရပ်ထက်ပိုမို | သတ္တု/စက်မှု/ ကျောက်(ကြီး) | သတ္တု (ကြီး) | စက်မှု/ကျောက် (ကြီး)<br>သတ္တု/စက်မှု (လတ်)<br>ကန့်သတ်သတ္တု/စက်မှု(သေး) | မရှိ | မရှိ |

## လုပ်ငန်းအမျိုးအစားအလိုက် ခွင့်ပြုဧရိယာများ

| လုပ်ကွက်များ | ဓာတ်သတ္တု | ဧရိယာ |
|---|---|---|
| အကြီးစား | ဓာတ်သတ္တုများအားလုံး | ၂၄၇.၁ ဧကအထက်မှ ၅၁,၈၉၁၀ ဧကအထိ<br>(၁ စ/ကီလိုမီတာအထက်မှ ၂၁၀၀ စ/ကီလိုမီတာအထိ) |
| အလတ်စား | ဓာတ်သတ္တုများအားလုံး | ၂၄၇.၁ ဧက အထိ |
| အသေးစား | စက်မှုတွင်းထွက်ကုန်ကြမ်း၊ ကျောက် | ၂၀ ဧက အထိ |
| | ရွှေနှင့်အဖိုးတန်သတ္တုမှ အပ အခြားသတ္တု | ၁၀ ဧက အထိ |
| | ရွှေနှင့်အဖိုးတန်သတ္တု | ၄ ဧက အထိ |
| လက်လုပ်လက်စား | စက်မှုတွင်းထွက်ကုန်ကြမ်း | ၅ ဧက အထိ |
| | ရွှေနှင့် အခြားအဖိုးတန်သတ္တုမှအပ အခြားသတ္တုနှင့်ကျောက် | ၃ ဧက အထိ |
| | ရွှေနှင့်အခြားအဖိုးတန်သတ္တု | ၁ ဧက အထိ |

# ခေတ်သစ်လုပ်ကွက်(အသစ်)များ လျှောက်ထားလာမှုအတွက် လက်ခံစိစစ်ရေး အဖွဲ့ဖွဲ့စည်းခြင်း

❖ လုပ်ကွက် လျှောက်ထားမှုများအတွက် လျှောက်လွှာများအား စနစ်တကျ လက်ခံပြီး စိစစ် ခွင့်ပြုနိုင်ရေး အတွက် ဝန်ကြီးဌာနမှ အောက်ပါအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည် -

- ➢ ဝန်ကြီးဌာန၊ လုပ်ကွက်စိစစ်ရေးအဖွဲ့
- ➢ ဦးစီးဌာန၊ လုပ်ကွက်စိစစ်ရေးအဖွဲ့
- ➢ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့
- ➢ ကနဦးဝင်စာလက်ခံစိစစ်မှတ်ပုံတင်ရေးအဖွဲ့
- ➢ ကနဦးလုပ်ကွက် စိစစ်ရေးအဖွဲ့

# ဝန်ကြီးဌာန၊ လုပ်ကွက်စိစစ်ရေးအဖွဲ့

| | |
|---|---|
| ➢ ညွှန်ကြားရေးမှူးချုပ်<br>ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| ➢ ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သတ္တုတွင်းဦးစီးဌာန | ဒုတိယဥက္ကဋ္ဌ |
| ➢ အထွေထွေမန်နေဂျာ<br>အမှတ်(၁)သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |
| ➢ အထွေထွေမန်နေဂျာ<br>အမှတ်(၂)သတ္တုတွင်းလုပ်ငန်း | အဖွဲ့ဝင် |
| ➢ လက်ထောက်အတွင်းဝန်<br>မူဝါဒနှင့် ဥပဒေ လုပ်ထုံးလုပ်နည်း စိစစ်ရေးနှင့်<br>လုပ်ငန်းစစ်ဆေးရေးဌာနခွဲ၊ ဝန်ကြီးရုံး | အဖွဲ့ဝင် |
| ➢ ညွှန်ကြားရေးမှူး(ဘူမိ/စီမံ)<br>ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန | အတွင်းရေးမှူး |
| ➢ ဒုတိယညွှန်ကြားရေးမှူး(ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ)<br>သတ္တုတွင်းဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

❖ **လုပ်ကွက်စိစစ်ရေးအဖွဲ့**၏ လုပ်ငန်းတာဝန်များ

(က) ကနဦး လုပ်ကွက်စိစစ်ရေးအဖွဲ့များက အချက်အလက် အထောက်အထား ပြည့်စုံကြောင်း စိစစ်ထောက်ခံ တင်ပြလာသည့် ခေတ်သတ္တုလျှောက်လွှာများကိုမြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ထပ်မံစိစစ်၍ အတည်ပြုပြီးသော လျှောက်လွှာများအနက် ဦးစွာလျှောက်ထားသူကို ရွေးချယ်ခြင်းနှင့် ယှဉ်ပြိုင်ရွေးချယ်ခြင်းနည်းလမ်း(၂)ခုအနက် မည်သည့်နည်းလမ်းဖြင့် ဆောင်ရွက်မည်ကို ကျိုးကြောင်းရှင်းလင်းဖော်ပြချက်နှင့်အတူ သက်ဆိုင်ရာ ဦးစီးဌာန/လုပ်ငန်းသို့ အတည်ပြုပြန်ကြားရမည်။

(ခ) အဖွဲ့၏ စိစစ်ချက်အရ သတ်မှတ်ချက်များနှင့်မပြည့်စုံ၊ မညီညွတ်၍ လက်ခံဆောင်ရွက်ခြင်း မပြုသည့် လျှောက်လွှာများကို မှတ်တမ်းထားရှိရန်နှင့် သက်ဆိုင်ရာလျှောက်ထား သူသို့ ကျိုးကြောင်းဖော်ပြပြန်ကြားရမည်။

(ဂ) သက်ဆိုင်ရာ ဦးစီးဌာန/လုပ်ငန်းများက ဝန်ကြီးဌာန၊ လုပ်ကွက်စိစစ်ရေးအဖွဲ့၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြလာသော အမှာစာများကို လက်ခံစိစစ်၍ ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးသို့ ဆက်လက်တင်ပြပေးရမည်။

(ဃ) ဝန်ကြီးဌာနက အခါအားလျော်စွာပေးအပ်သော လုပ်ကွက်စိစစ်ရေးဆိုင်ရာလုပ်ငန်း တာဝန်များကို ဆောင်ရွက်ရမည်။

(င) ဝန်ကြီးဌာန၊ လုပ်ကွက်စိစစ်ရေးအဖွဲ့သည် ခေတ်သတ္တုလုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန် လျှောက်ထားလာသည့် လျှောက်လွှာများကို မှတ်ပုံတင်ခြင်း၊ ပဏာမစိစစ်ခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် ကနဦးဝင်စာလက်ခံစိစစ်မှတ်ပုံတင်ရေးအဖွဲ့၊ ကနဦး လုပ်ကွက်စိစစ်ရေးအဖွဲ့များကို လုပ်ငန်းတာဝန်သတ်မှတ်၍ ဝန်ကြီးဌာန၏ အတည် ပြုချက်ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

❖ ကနဦးဝင်စာလက်ခံစိစစ်မှတ်ပုံတင်ရေးအဖွဲ့က (၂၆.၇.၂၀၁၈)ရက်နေ့မှစ၍ လုပ်ကွက်လျှောက်လွှာများ လက်ခံမှတ်ပုံတင် ဆောင်ရွက်စေရမည်။

# ဦးစီးဌာန၊ လုပ်ကွက်စိစစ်ရေးအဖွဲ့

- ဒုတိယညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌ
- ညွှန်ကြားရေးမှူး အဖွဲ့ဝင်

  ဆားလုပ်ငန်းဌာနခွဲ
- ညွှန်ကြားရေးမှူး အဖွဲ့ဝင်

  ဓာတ်သတ္တုထိန်းသိမ်းရေးဌာနခွဲ
- ညွှန်ကြားရေးမှူး အဖွဲ့ဝင်

  စစ်ဆေးရေးဌာနခွဲ
- ညွှန်ကြားရေးမှူး အဖွဲ့ဝင်

  ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ
- ဒုတိယညွှန်ကြားရေးမှူး အတွင်းရေးမှူး

  ဓာတ်သတ္တုဖွံ့ဖြိုးရေးဌာနခွဲ

❖ **ဦးစီးဌာန၊ လုပ်ကွက်စိစစ်ရေးအဖွဲ့** ၏ လုပ်ငန်းတာဝန်များ

(က) ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် နိုင်ငံသားအဖွဲ့အစည်းတစ်ခုခုကို ဓာတ်သတ္တုဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်အတွက် ခွင့်ပြုမိန့်ထုတ်ပေးထားသည့် မြေဧရိယာအတွင်းကျရောက်ခြင်းရှိ၊ မရှိ စိစစ်ရမည်၊

(ခ) တူးဖော်ရေးဧရိယာ သို့မဟုတ် ဓာတ်သတ္တုကြန့်သတ်နယ်မြေတွင် အကျုံးဝင်ခြင်းရှိ၊ မရှိ စိစစ်ရမည်၊

(ဂ) အထက်အပိုဒ် (က)နှင့် (ခ) ပါစိစစ်ချက်အရ လွတ်ကင်းမှုရှိပြီး နည်းဥပဒေပါ လျှောက်လွှာပုံစံ၏ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါက မှတ်ပုံတင်ပြီး ခွင့်ပြုမိန့်ထုတ်ပေးရန် သင့်၊ မသင့် ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်၊

## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက်စိစစ် ချထားပေးရေးအဖွဲ့

- **ဝန်ကြီး** ဥက္ကဋ္ဌ

  တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန

- **ညွှန်ကြားရေးမှူး** အဖွဲ့ဝင်

  တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန

- **ညွှန်ကြားရေးမှူး** အဖွဲ့ဝင်

  တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန

- **ညွှန်ကြားရေးမှူး** အဖွဲ့ဝင်

  တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သစ်တောဦးစီးဌာန

- **ညွှန်ကြားရေးမှူး** အဖွဲ့ဝင်

  တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

- \- အဖွဲ့ဝင်

  တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့မှ တာဝန်ပေးအပ်သူ(၁)ဦး

- **ညွှန်ကြားရေးမှူး/ တာဝန်ခံအရာရှိ** အတွင်းရေးမှူး

  တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သတ္တုတွင်းဦးစီးဌာန

❖ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လုပ်ကွက်စိစစ်ချထားပေးရေးအဖွဲ့** ၏ လုပ်ငန်းတာဝန်များ

(က) ဓာတ်သတ္တုခွင့်ပြုမိန့်လျှောက်ထားလာမှုများကို တိုင်းဒေသကြီး သို့မဟုတ်ပြည်နယ် လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့မှ မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများပါ သတ်မှတ်ချက်များနှင့်အညီ စိစစ်တင်ပြစေခြင်း၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သည် စိစစ် တင်ပြလာသော လျှောက်ထားလာမှုများကို ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရန်အတွက် **ပြည်ထောင်စုသယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့်**ညှိနှိုင်း သဘောထားရယူခြင်း၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သည် ပြည်ထောင်စု သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန၏ သဘောထားရရှိပါက သက်ဆိုင်ရာမြို့နယ်အာဏာပိုင်အဖွဲ့အစည်းများသို့ သတ်မှတ်ချက်များနှင့် **ကိုက်ညီမှု ရှိ၊ မရှိ စိစစ် ဆောင်ရွက်စေခြင်း၊**

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လုပ်ကွက် စိစစ်ချထားပေးရေးအဖွဲ့သည် သတ်မှတ်ချက် အထောက်အထားများ **ပြည့်စုံမှန်ကန်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊**

(င) လုပ်ကိုင်ခွင့်ပြုမည့် ဓာတ်သတ္တုအမျိုးအစားနှင့် လုပ်ငန်းပမာဏအလိုက် သုံးစွဲခွင့်ပြုမည့် စက်ယန္တရား များ သတ်မှတ်ပေးခြင်း၊

(စ) **နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ ဓာတ်သတ္တုဆိုင်ရာအခွန်အခများစည်းကြပ် ကောက်ခံခြင်း၊**

(ဆ) လုပ်ငန်းကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်း၍ ခွင့်ပြုထားသော ဓာတ်သတ္တုလုပ်ငန်းများ၏ ရှာဖွေ၊ စမ်းသပ်၊ တူးဖော်ထုတ်လုပ်မှု၊ ဆင့်တက်ပြုပြင်မှု လုပ်ငန်းများဆိုင်ရာ ပတ်ဝန်းကျင်စီမံခန့်ခွဲရေးနှင့် ထိန်းသိမ်းရေးကိစ္စများ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကိစ္စ၊ အလုပ်သမားရေးရာကိစ္စများကို ပုံမှန်စစ်ဆေးစေခြင်းနှင့် အခါအားလျော်စွာ စစ်ဆေးကြပ်မတ် ဆောင်ရွက်စေခြင်း၊

(ဇ) မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများ၊ ခွင့်ပြုမိန့်နှင့် စာချုပ်ပါစည်းကမ်းချက်များအား ဓာတ်သတ္တုခွင့်ပြုမိန့်ရရှိသူမှ လိုက်နာရန် ပျက်ကွက်ပါက လုပ်ငန်းကို ဆိုင်းငံ့စေခြင်း၊ ဒဏ်ကြေးငွေ ပေးဆောင်စေပြီး လုပ်ငန်းဆက်လက် ဆောင်ရွက်ခွင့်ပြုခြင်း သို့မဟုတ် ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း၊

(ဈ) ဓာတ်သတ္တု ခွင့်ပြုမိန့်ရရှိသူမှ သက်တမ်းမကုန်ဆုံးမီ လုပ်ငန်းရပ်နားခွင့်ပြုရန် သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် တင်ပြလာလျှင် စိစစ်၍ ခွင့်ပြုဆောင်ရွက် ပေးခြင်း၊

## ကနဦးဝင်စာလက်ခံစိစစ်မှတ်ပုံတင်ရေးအဖွဲ့

- လက်ထောက်အတွင်းဝန် မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့်လုပ်ငန်းစစ်ဆေးရေးဌာနခွဲ ဝန်ကြီးရုံး — အဖွဲ့ခေါင်းဆောင်
- လက်ထောက်ညွှန်ကြားရေးမှူး (၁)ဦး မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲ ဝန်ကြီးရုံး — ဒုတိယအဖွဲ့ခေါင်းဆောင်
- လက်ထောက်ညွှန်ကြားရေးမှူး သို့မဟုတ် ဦးစီးအရာရှိ (၁) ဦး သတ္တုတွင်းဦးစီးဌာန — အဖွဲ့ဝင်
- လက်ထောက်ညွှန်ကြားရေးမှူး သို့မဟုတ် ဦးစီးအရာရှိ (၁) ဦး ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန — အဖွဲ့ဝင်
- မန်နေဂျာ သို့မဟုတ် လက်ထောက်မန်နေဂျာ (၁)ဦး အမှတ် (၁) သတ္တုတွင်းလုပ်ငန်း — အဖွဲ့ဝင်
- မန်နေဂျာ သို့မဟုတ် လက်ထောက်မန်နေဂျာ (၁) ဦး အမှတ် (၂) သတ္တုတွင်းလုပ်ငန်း — အဖွဲ့ဝင်

## ❖ ကနဦးဝင်စာလက်ခံစိစစ်မှတ်ပုံတင်ရေးအဖွဲ့၏ လုပ်ငန်းတာဝန် (Terms of Reference) များ

(က) သက်ဆိုင်ရာစာတိုက်မှ မှတ်ပုံတင် (Register) ဖြင့် ပေးပို့လာသော ဝင်စာများကိုသာ စိစစ်လက်ခံရန်၊

(ခ) မှတ်ပုံတင်စာအုပ်တွင် ဝန်ကြီးဌာန၊လုပ်ကွက်စိစစ်ရေးအဖွဲ့မှ သတ်မှတ်ပေးထားသော ပုံစံအတိုင်း စနစ်တကျ ထည့်သွင်းရေးသား မှတ်တမ်းတင်ခြင်းနှင့်အတူ Excel Software (Digital Database System ) ဖြင့် (Company name, Mineral, Nation, Sate, Township, Locality, Map Sheet Number, Map coordinate, Area, Application date, Application Time, Area, Type of Application, Registry number, Code, etc…..) မှတ်တမ်းတင်ရန်၊

(ဂ) ပေးပို့လာသော Register စာများကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖွင့်ဖောက်မှတ်ပုံတင်ရန်၊

(ဃ) ဖွင့်ဖောက်သည့်နေ့ရှိ လျှောက်လွှာများတွင် လုပ်ကွက်တစ်ခုတည်းကို ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်း တစ်ခုထက် ပိုမိုလျှောက်ထားမှုများ ပါရှိက အပြိုင်လျှောက်ထားမှုဟု မှတ်တမ်းတင်ရန်၊

(င) သက်ဆိုင်ရာ ကနဦးလုပ်ကွက်စိစစ်ရေးအဖွဲ့များသို့ ဝင်စာများနှင့်စပ်လျဉ်း၍ အလတ်စားကျောက်နှင့် ကန့်သတ်ထားသော ကျောက်အသေးစားများမှလွဲ၍ ကျန်ဓာတ်သတ္တုများအား အောက်ပါအတိုင်း မှတ်ပုံတင် မှတ်တမ်းဖြင့် စနစ်တကျလွှဲပြောင်းပေးသွားရန် -

(၁) အမှတ်(၁)သတ္တုတွင်းလုပ်ငန်းနှင့်သက်ဆိုင်သော ဧရိယာ(၅၀)ဧကနှင့်အောက် ရှာဖွေရေး၊ စမ်းသပ်တိုင်းတာရေး၊ ဖြစ်မြောက် နိုင်စွမ်းလေ့လာရေးအတွက် ဓာတ်သတ္တုလုပ်ကွက် လျှောက်ထားမှုများ၊ ဓာတ်သတ္တု အလတ်စားနှင့် အကြီးစားထုတ်လုပ်မှုအတွက် လျှောက်ထားမှုများကို အမှတ်(၁)သတ္တုတွင်းလုပ်ငန်း၊ ကနဦးလုပ်ကွက်စိစစ်ရေးအဖွဲ့သို့ ပေးပို့ရန်၊

(၂) အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့်သက်ဆိုင်သော ဧရိယာ(၂၀)ဧကနှင့်အောက် ရွှေသတ္တုလုပ်ကွက်၊ ဧရိယာ(၅၀)ဧကနှင့်အောက် ရှာဖွေရေး၊ စမ်းသပ် တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရေးအတွက် သတ္တုလုပ်ကွက်လျှောက်ထားမှုများအားလည်းကောင်း၊ အလတ်စားနှင့် အကြီးစား ထုတ်လုပ်မှုအတွက် လျှောက်ထားလာမှုများအားလည်းကောင်း အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ ကနဦးလုပ်ကွက်စိစစ်ရေးအဖွဲ့သို့ပေးပို့ရန်၊

(၃) ကျောက်(၂၄၇.၁)ဧကအထက်၊ စက်မှုတွင်းထွက်ကုန်ကြမ်း(၅၀)ဧကအထက်၊ ရွှေသတ္တု (၂၀)ဧကအထက်၊ ကျန်သတ္တု(၅၀)ဧကအထက် ရှာဖွေစမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးအတွက် လျှောက်ထားမှုများကို ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ ကနဦးလုပ်ကွက်စိစစ်ရေး အဖွဲ့သို့ပေးပို့ရန်။

(စ) ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ်(၁၁/၂၀၁၈)၌ သဘောတူ ဆွေးနွေးဆုံးဖြတ်ချက်အရ ကနဦးဝင်စာ လက်ခံစိစစ်မှတ်ပုံတင်ရေးအဖွဲ့သည် လုပ်ကွက် လျှောက်လွှာများကို (၂၆.၇.၂၀၁၈) ရက်နေ့မှစ၍ လက်ခံရန်။

# ကနဦးလုပ်ကွက် စိစစ်ရေးအဖွဲ့ (၃)ဖွဲ့

| ကနဦးလုပ်ကွက်စိစစ်ရေးအဖွဲ့ (၁)<br>အမှတ်(၁) သတ္တုတွင်းလုပ်ငန်း | ကနဦးလုပ်ကွက်စိစစ်ရေးအဖွဲ့ (၂)<br>အမှတ်(၂) သတ္တုတွင်းလုပ်ငန်း | ကနဦးလုပ်ကွက်စိစစ်ရေးအဖွဲ့ (၃)<br>ဘူမိဗေဒလေ့လာရေးနှင့်<br>ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန | တာဝန် |
|---|---|---|---|
| အထွေထွေမန်နေဂျာ | အထွေထွေမန်နေဂျာ | ဒုတိယညွှန်ကြားရေးမှူးချုပ် | အဖွဲ့ခေါင်းဆောင် |
| ကျွမ်းကျင်သူအရာထမ်း (၁) ဦး | ကျွမ်းကျင်သူအရာထမ်း (၁) ဦး | ကျွမ်းကျင်သူအရာထမ်း (၁) ဦး | ဒုတိယ<br>အဖွဲ့ခေါင်းဆောင် |
| ကျွမ်းကျင်သူအရာထမ်း (၁) ဦး | ကျွမ်းကျင်သူအရာထမ်း (၁) ဦး | ကျွမ်းကျင်သူအရာထမ်း (၁) ဦး | အဖွဲ့ဝင် |
| ကျွမ်းကျင်သူအရာထမ်း (၁) ဦး | ကျွမ်းကျင်သူအရာထမ်း (၁) ဦး | ကျွမ်းကျင်သူအရာထမ်း (၁) ဦး | အဖွဲ့ဝင် |
| ကျွမ်းကျင်သူအရာထမ်း (၁) ဦး | ကျွမ်းကျင်သူအရာထမ်း (၁) ဦး | ကျွမ်းကျင်သူအရာထမ်း (၁) ဦး | အဖွဲ့ဝင် |
| ကျွမ်းကျင်သူအရာထမ်း (၁) ဦး | ကျွမ်းကျင်သူအရာထမ်း (၁) ဦး | ကျွမ်းကျင်သူအရာထမ်း (၁) ဦး | အဖွဲ့ဝင် |

❖ ကနဦးလုပ်ကွက်စိစစ်ရေးအဖွဲ့များသည် ကနဦးဝင်စာလက်ခံမှတ်ပုံတင်ရေးအဖွဲ့မှ လွှဲပြောင်း ပေးပို့လာသော မိမိ ဦးစီးဌာန/ လုပ်ငန်းနှင့် သက်ဆိုင်သည့် ဓာတ်သတ္တုလုပ်ငန်းများ ဆောင်ရွက်ခွင့် လျှောက်လွှာများကို မှတ်ပုံတင်ခြင်း၊ ပဏာမစိစစ်ခြင်းများ ဆောင်ရွက်နိုင်ရန်အတွက် ဖြစ်ပါသည်။

❖ ကနဦးလုပ်ကွက်စိစစ်ရေးအဖွဲ့များ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဓာတ်သတ္တုလုပ်ငန်းလျှောက်လွှာများကို မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများ နှင့် ကိုက်ညီပြည့်စုံမှန်ကန်မှု ရှိ၊ မရှိကို လုံခြုံမှု အဆင့်အတန်းဖြင့် စိစစ်ရန်၊

(ခ) အချက်အလက်အထောက်အထား ပြည့်စုံသည့်လျှောက်လွှာများကို တာဝန်ယူစာရင်း ရေးသွင်းပြီး ဝန်ကြီးဌာန၊ လုပ်ကွက်စိစစ်ရေးအဖွဲ့သို့ ထောက်ခံတင်ပြရန်နှင့် အချက်အလက်အထောက်အထား မပြည့်စုံသည့်လျှောက်လွှာများကို သီးခြားပြုစု၍ ဝန်ကြီးဌာန၊ လုပ်ကွက် စိစစ်ရေးအဖွဲ့သို့ တင်ပြရန်၊

(ဂ) ပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ၊ အဖွဲ့အစည်းတစ်ခုခုသို့ ဓာတ်သတ္တုလုပ်ငန်း တစ်ရပ်ရပ် လုပ်ကိုင်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးထားခြင်း ရှိ ၊ မရှိ နှင့် လျှောက်ထားပြီး လုပ်ကွက်များနှင့် လွတ်ကင်းမှု ရှိ ၊ မရှိ တို့အား ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန/ လုပ်ငန်းများသို့ မေးမြန်း သဘောထားမှတ်ချက် တောင်းခံ၍ စိစစ်ရန်၊

(ဃ) သတ်မှတ်ထားသည့် ဓာတ်သတ္တုတူးဖော်ရေးဇရိယာ သို့မဟုတ် ဓာတ်သတ္တုကန့်သတ် နယ်မြေတွင် အကျုံးဝင်နေခြင်း၊ လွတ်ကင်းခြင်း ရှိ၊ မရှိ စိစစ်ရန်၊

(င) ကုမ္ပဏီအဖွဲ့အစည်းကလျှောက်ထားလျှင် ကုမ္ပဏီသင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်း နှင့် သက်တမ်းကျန်ရှိသော ကုမ္ပဏီမှတ်ပုံတင် လက်မှတ် မိတ္တူပါရှိခြင်း၊ ပြည့်စုံခြင်း ရှိ၊ မရှိ စိစစ်ရန်၊

(စ) ကုမ္ပဏီနှင့်စပ်လျဉ်း၍ ကုမ္ပဏီအစုရှယ်ယာ ခွဲဝေချထားမှုစာရင်း၊ ကုမ္ပဏီဒါရိုက်တာ၊ မန်နေဂျာနှင့် အုပ်ချုပ်မှုကိုယ်စားလှယ်များစာရင်းနှင့် ကိုယ်ရေးမှတ်တမ်းများ ပါရှိ ခြင်းနှင့် ပြည့်စုံခြင်း ရှိ ၊ မရှိ စစ်ဆေးရန်၊

(ဆ) လျှောက်လွှာနှင့်အတူ အရည်အချင်းပြည့်မီသည့် ဘူမိဗေဒပညာရှင် သို့မဟုတ် သတ္တုတွင်း အင်ဂျင်နီယာတို့က လက်မှတ်ရေးထိုး တင်ပြထားသော ဆောင်ရွက်မည့် ဓာတ်သတ္တု လုပ်ငန်းအသေးစိတ်အစီအစဉ်နှင့် နည်းစဉ်များဆိုင်ရာစီမံချက်၊ အချက်အလက်များ ပါရှိခြင်းနှင့် ပြည့်စုံစွာ ဖော်ပြ ထားခြင်း ရှိ ၊ မရှိ စိစစ်ရန်၊

(ဇ) လျှောက်ထားသူသည် လုပ်ငန်းဆောင်ရွက်ရန် ငွေရေးကြေးရေး ခိုင်မာမှုရှိကြောင်း မြန်မာနိုင်ငံအတွင်းရှိ သို့မဟုတ် ပြည်ပရှိသက်ဆိုင်ရာ ဘဏ်တစ်ခုခု၏ လက်ရှိကာလ အထိ ဖွင့်ထားသောဘဏ်စာရင်းနှင့်အတူ ဖော်ပြထားသော ထောက်ခံချက် (Bank Recommendation/ Bank Statement) ပါရှိခြင်း ရှိ ၊ မရှိ စိစစ်ရန်၊

(ဈ) လျှောက်ထားသည့် ပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ၊ အဖွဲ့အစည်း၏ ကျွမ်းကျင်မှုဆိုင်ရာ အတွေ့အကြုံ (Track Record) သို့မဟုတ် ကျွမ်းကျင်မှုအတွက် စီစဉ်ထားမှု အထောက်အထား၊ အချက်အလက်များနှင့်ပတ်သက်၍ ပါရှိမှုနှင့် သတ္တုလုပ်ငန်း အတွေ့အကြုံတို့အား ပြည့်စုံစွာဖော်ပြထားမှု ရှိ ၊ မရှိ စိစစ်ရန်၊

(ည) အဆိုပြုဓာတ်သတ္တုရှာဖွေရန် သို့မဟုတ် စမ်းသပ်တိုင်းတာရန် သို့မဟုတ် ဖြစ်မြောက် နိုင်စွမ်းလေ့လာရန်အစီအစဉ်နှင့်ယင်းအစီအစဉ်အတွက် ခန့်မှန်းကုန်ကျစရိတ်စာရင်း များကို ပူးတွဲတင်ပြထားခြင်း ရှိ၊ မရှိ စိစစ်ရန်၊

(ဋ) ဓာတ်သတ္တုစမ်းသပ်တိုင်းတာလိုသောဧရိယာ သို့မဟုတ် ဖြစ်မြောက်နိုင်စွမ်း လေ့လာလိုသောဧရိယာ သို့မဟုတ် ထုတ်လုပ်လိုသော ဧရိယာတွင် တည်ရှိနေသည့် ဓာတ်သတ္တု ဖြစ်ထွန်းမှုအထောက်အထားများ ပူးတွဲတင်ပြထားခြင်း ရှိ ၊ မရှိ စိစစ်ရန်၊

(ဌ) လုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ဓာတ်သတ္တုလုပ်ငန်းဧရိယာအတွင်း ပတ်ဝန်းကျင်နှင့် သမိုင်းဝင်အထိမ်းအမှတ်များ သို့မဟုတ် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ထိခိုက်ပျက်စီးစေနိုင်မှုများရှိပါက ယင်းတို့နှင့်စပ်လျဉ်း၍ ထိခိုက်မှုမရှိအောင် ဆောင် ရွက်မည့်လုပ်ငန်းအစီအစဉ်များ၊ ရှင်းလင်း တင်ပြချက်များပါရှိခြင်း ရှိ ၊ မရှိ စိစစ်ရန်၊

(ဍ) ဓာတ်သတ္တုထုတ်လုပ်ရန် လျှောက်ထားမှုအတွက် လျှောက်လွှာနှင့်အတူ ဓာတ်သတ္တု စမ်းသပ်တိုင်းတာရေး အစီရင်ခံစာနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာရေး အစီရင်ခံစာကို ပူးတွဲ တင်ပြထားခြင်း ရှိ ၊ မရှိ စိစစ်ရန်၊

(ဎ) အဆိုပြုလုပ်ကွက်ဧရိယာအတွက် တစ်လက်မ တစ်မိုင်စကေး မြေပုံညွှန်းနှင့် UTM မြေပုံညွှန်းတို့ဖြင့် ပြုစုတင်ပြထားခြင်း ရှိ၊ မရှိ စိစစ်ရန်၊

(ဏ) မြန်မာနိုင်ငံအတွင်း လွန်ခဲ့သော(၄)နှစ်အတွင်းက ခွင့်ပြုမိန့်ရယူ၍ ကိုင်ဆောင်ထား သောဓာတ်သတ္တုလုပ်ငန်းရှိပါက ယင်းနှင့်ပတ်သက်၍ လုပ်ပိုင်ခွင့်တစ်ခုခု၏ အသေးစိတ် အချက်အလက်များရှိလျှင် လည်းကောင်း၊ သို့မဟုတ် အခြားနိုင်ငံတစ်ခုတွင် လျှောက်ထားသူ သို့မဟုတ် အခြားသူတစ်ဦးဦးက လျှောက်ထားသူနှင့်ပူးပေါင်း၍ လုပ်ကိုင်နေသည့် အလားတူဓာတ်သတ္တုလုပ်ငန်းရှိပါက ယင်းလုပ်ငန်း လုပ်ပိုင်ခွင့်၏ အသေးစိတ် အချက်အလက်များရှိလျှင် လည်းကောင်း ပူးတွဲတင်ပြထားခြင်း ရှိ ၊ မရှိ စိစစ်ရန်၊

(တ) လျှောက်လွှာနှင့်အတူ မြန်မာနိုင်ငံသားများအား အလုပ်ခန့်ထားခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းနှင့် အလုပ်အကိုင်တိုးမြှင့်ပေးခြင်းတို့နှင့် သက်ဆိုင်သော အချက်အလက်များ တင်ပြထားမှု ရှိ ၊ မရှိ စိစစ်ရန်၊

(ထ) ဒေသဖွံ့ဖြိုးရေးနှင့် ဒေသခံများ အလုပ်အကိုင်ရရှိရေးတို့အတွက် တင်ပြထားသည့် အစီအမံများပါရှိခြင်းနှင့် ပြည့်စုံခြင်း ရှိ ၊ မရှိ စိစစ်ရန်၊

(ဒ) ဦးစွာလျှောက်ထားသူကို ဦးစားပေးရွေးချယ်ရန် သို့မဟုတ် ယှဉ်ပြိုင်မှု နည်းလမ်းတင်ဒါစနစ်ဖြင့်ဆောင်ရွက်ရန်အား မြန်မာ့သတ္တုတွင်းနည်း ဥပဒေအား အခြေခံ၍ သဘောထားမှတ်ချက်ပြုပေးရန်၊

(ဓ) စိစစ်တွေ့ရှိချက်များကို ဝန်ကြီးဌာန လုပ်ကွက်စိစစ်ရေးအဖွဲ့သို့ တင်ပြရန်။

## ခုတ်သတ္တုလုပ်ငန်းဆောင်ရွက်ရန် လျှောက်ထားခြင်း

❖ လျှောက်လွှာကို လူကိုယ်တိုင် လာရောက်ပေးပို့ရန် မလိုအပ်ဘဲ စာအိတ်ပေါ်တွင် အောက်ပါလိပ်စာများသို့ လိပ်မူ၍ (၂၆-၇-၂၀၁၈) ရက်နေ့မှ စတင်၍ မှတ်ပုံတင် (Register) ပြုလုပ်ပေးပို့ရမည် -

| | |
|---|---|
| ဝန်ကြီးဌာနသို့ လျှောက်ထားရမည့် လုပ်ငန်းအမျိုးအစားများ | သို့<br>ကနဦးဝင်စာလက်ခံစိစစ်မှတ်ပုံတင်ရေးအဖွဲ့<br>ဝန်ကြီးရုံး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန<br>ရုံးအမှတ်(၁၉)၊ နေပြည်တော်<br>ဆက်သွယ်ရန် ဖုန်းနံပါတ် ၀၆၇-၄၀၉၃၇၅ |
| ဦးစီးဌာနသို့ လျှောက်ထားရမည့် လုပ်ငန်းအမျိုးအစားများ | သို့<br>ကနဦးဝင်စာလက်ခံစိစစ်မှတ်ပုံတင်ရေးအဖွဲ့<br>သတ္တုတွင်းဦးစီးဌာန<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန<br>ရုံးအမှတ်(၁၉)၊ နေပြည်တော်<br>ဆက်သွယ်ရန် ဖုန်းနံပါတ် ၀၆၇-၄၀၉၃၇၈ |

❖ မှတ်ပုံတင်(Register)ဖြင့် ပေးပို့လာသော လျှောက်လွှာများကို ကနဦးဝင်စာလက်ခံစိစစ်မှတ်ပုံတင်ရေး အဖွဲ့က အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖွင့်ဖောက် စိစစ်ပြီး မှတ်ပုံတင်စာရင်းရေးသွင်း စိစစ်ဆောင်ရွက် ပေးသွားမည်။

- မြန်မာ့သတ္တုတွင်း နည်းဥပဒေ အသစ် မထုတ်ပြန်မီ ကာလအတွင်း ခွင့်ပြုပြီးလုပ်ကွက်များ၌ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များနှင့် အညီ ဆောင်ရွက်ခြင်း ရှိ/မရှိ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ထားခြင်း ရှိ/မရှိစစ်ဆေးခြင်းလုပ်ငန်းများကို ပိုမိုအလေးထားဆောင်ရွက်ခဲ့ပါသည်။
- ဝန်ကြီးဌာနနှင့် ဆက်စပ်ဌာနများဖြင့် ဖွဲ့စည်းထားသည့် ပူးပေါင်းကွင်းဆင်းအဖွဲ့(၁၂)ဖွဲ့ဖြင့် ခွင့်ပြုမိန့်ရ လုပ်ကွက်များအား စီမံချက်ချ၍ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကွင်းဆင်းစစ်ဆေးမှု လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ လုပ်ကွက် (၅၁၉) ကွက်အား စစ်ဆေးနိုင်ခဲ့ပါသည်။
- လုပ်ကွက်အသစ် လျှောက်ထားမှုကို (၂၆-၇-၂၀၁၈) **ရက်နေ့မှ စတင်၍ လက်ခံပြီး စိစစ်ခွင့်ပြုသွားပါမည်။**
- တရားမဝင် လုပ်ကိုင်မှုများ ရှိ/မရှိ၊ ခွင့်ပြုမိန့်ရရှိသူများမှ မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများ၊ ခွင့်ပြုမိန့်ပါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခြင်း ရှိ/မရှိ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို လိုက်နာဆောင်ရွက်ခြင်း ရှိ/မရှိ တို့ကို စစ်ဆေးရန် ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်၍ ခွင့်ပြုမိန့်ရရှိထားသူများ၊ ခွင့်ပြုမိန့်အသစ်လျှောက်ထားသူများ အားလုံး အထူးအလေးအနက်ထားရန် လိုအပ်ပါသည်။

# ကျေးဇူးတင်ပါသည်